ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၆/၂၀၁၀)

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကို ချောမွေ့စွာဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီး ပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်လာပါ သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဆိုသည်။

(ဃ) **လွှတ်တော်** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကို ဆိုသည်။

(င) **ဝန်ကြီးချုပ်** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ကို ဆိုသည်။

(စ) **ဝန်ကြီး** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးကို ဆိုသည်။

(ဆ) **ဥပဒေချုပ်** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ် ကို ဆိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခြင်းနှင့် ခန့်အပ်တာဝန်ပေးခြင်း

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း**

၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ဝန်ကြီးချုပ်၊

(၂) ဝန်ကြီးများ၊

(၃) ဥပဒေချုပ်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။

**ဝန်ကြီးဌာနနှင့် ဝန်ကြီးဦးရေသတ်မှတ်ခြင်း**

၄။ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ လွှတ်တော်၏သဘောတူညီချက်ဖြင့် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနအရေအတွက်ကို အနည်းဆုံး ငါးခုမှ အများဆုံးတစ်ဆယ်ခုအထိ သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်သော ဝန်ကြီးဌာနအရေအတွက်အတွင်း ပြင်ဆင်သတ်မှတ်ခြင်းနှင့် ဖြည့်စွက်သတ်မှတ်ခြင်းများ ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဦးရေကို အနည်းဆုံး ငါးဦးမှ အများဆုံးတစ်ဆယ်ဦးအထိ သတ်မှတ်တာဝန်ပေးရမည်။ ယင်းသို့ သတ်မှတ်သော ဝန်ကြီးဦးရေအတွင်း တိုးခြင်းနှင့် လျှော့ခြင်းများ ပြုနိုင်သည်။ ဝန်ကြီးများ သတ်မှတ်တာဝန်ပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက်နှင့် မန္တလေးတိုင်းဒေသကြီးအတွက် ဝန်ကြီးတစ်ဦးစီကို မြို့တော်ဝန်အဖြစ် တာဝန်ပေးအပ်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ သတ်မှတ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဦးရေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် ရာထူးအလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဖြစ်ပြီးသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများ မပါဝင်စေရ။

၅။ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ တင်ပြချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနတွင် ပါဝင်ရမည့်ဌာန၊ အဖွဲ့အစည်းများကို သီးခြားသတ်မှတ်ပေးရမည်။

**ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးခြင်း**

၆။ (က) နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)ပါ အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်၍ ၎င်း၏အမည်စာရင်းကို လွှတ်တော်သို့ ပေးပို့လျက် သဘောတူညီချက်ရယူပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အ ထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(ဂ) နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းကို သက်ဆိုင်ရာ လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

၇။ ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

**ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

၈။ (က) ဝန်ကြီးချုပ်သည် -

(၁) လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ် များကို ရွေးချယ်ရမည်။

(၂) လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သော တပ်မတော်သားများ၏ အမည်စာရင်းကို တောင်းခံရမည်။

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ထံမှ ယင်းတို့၏ ဥက္ကဋ္ဌအမည်စာရင်းကို ရယူရမည်။

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန်အတွက် ရွေးကောက်တင် မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ထံမှ ရယူရမည်။

(ခ) ဝန်ကြီးချုပ်သည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)အရ မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)အရ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ထံမှ ရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းကို စုစည်းပြီး လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

(ဂ) ဝန်ကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံ ကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ လွှတ်တော်သည် ဝန်ကြီး ချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား ဝန်ကြီးများအဖြစ် ခန့်အပ်တာဂန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(ဃ) ဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းကို သက်ဆိုင်ရာ လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(င) ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်များမှအပ အခြား တာဝန်များအတွက် တပ်မတော်သားများအား ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

(စ) ဝန်ကြီးချုပ်သည် လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်များကို လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၏ အမည်စာရင်းနှင့် တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းပါ ပုဂ္ဂိုလ်များကို လည်းကောင်း ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

(ဆ) နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်က တင်ပြလာသည့် ပုဂ္ဂိုလ်များအား ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန်ပေးရာတွင် ဝန်ကြီးတစ်ဦးချင်းအလိုက် တာဝန်ယူရမည့် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို သက်ဆိုင်ရာ ဝန်ကြီးချုပ်နှင့် ညှိနှိုင်းလျက် သတ်မှတ်ပေးရမည်။

၉။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးသည့်အခါတိုင်း ယင်းတို့အား တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနများကိုဖော်ပြ၍ လွှတ်တော်သို့လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့လည်းကောင်း အကြောင်းကြားရမည်။

၁၀။ (က) နိုင်ငံတော်သမ္မတသည် -

(၁) ဝန်ကြီးများဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရေးရာများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်။

(၂) ဝန်ကြီးများဖြစ်သည့် တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွင် အခြားဝန်ကြီးဌာန တာဝန်များကို ပူးတွဲတာဝန်ပေးအပ်နိုင်သည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌကိုမူ ယင်း၏သဘောတူညီချက် ရရှိမှသာလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွင် အခြား ဝန်ကြီးဌာနတာဝန်များကို ပေးအပ်ရမည်။ ထိုသို့သီးခြားတာဝန်ပေးအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တာဝန်များကို နိုင်နင်းစွာ ထမ်းဆောင်နိုင်ရန် အလို့ငှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ရမည်။

၁၁။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် အောက်ပါပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည် -

(က) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်။

၁၂။ ဝန်ကြီးများသည် ဝန်ကြီးချုပ်အားလည်းကောင်း၊ ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော် သမ္မတအားလည်းကောင်း တာဝန်ခံရမည်။

၁၃။ ဝန်ကြီးသည် -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှ စ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များ၏ လုံခြုံရေးနှင့် နယ်စပ် ရေးရာ ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော တပ်မတော် သားဖြစ်လျှင် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။

**ဥပဒေချုပ်ခန့်အပ်တာဝန်ပေးခြင်း**

၁၄။ (က) ဝန်ကြီးချုပ်သည် ဥပဒေအကြံဉာဏ်များရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာ တာဝန် များပေးအပ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ(က)ပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဥပဒေ ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြ သဘော တူညီချက်ရယူ၍ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ နိုင်ငံတော်သမ္မတသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ပုဂ္ဂိုလ်အား ဥပဒေချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) ဥပဒေချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံ ကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ လွှတ်တော်သည် သက်ဆိုင်

ရာ ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(ဂ) ဝန်ကြီးချုပ်သည် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

၁၅။ ဥပဒေချုပ်သည် -

(က) ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

(ခ) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်။

၁၆။ ဥပဒေချုပ်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

၁၇။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာ ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းကို ပြုစု၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာ လွှတ်တော်သို့ ပေးပို့ရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၀ တွင် သတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာ ဝန်ကြီးချုပ်တို့နှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းပေးပို့သူများကို ငြင်းပယ်ခွင့်မရှိစေရ။

(ဂ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို သက်ဆိုင်ရာ လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဃ) နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ လွှတ်တော်က သဘောတူညီသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

၁၈။ (က) ဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းကိုပြုစု၍ ယင်းအမည်စာရင်းများကို သက်ဆိုင်ရာ လွှတ်တော်သို့ ပေးပို့ရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၀ တွင် သတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ လွှတ်တော်သည် ဝန်ကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းပေးပို့သူများကို ငြင်းပယ်ခွင့်မရှိစေရ။

(ဂ) ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်ရန် သက်ဆိုင်ရာ လွှတ်တော်၏ သဘော

တူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို သက်ဆိုင်ရာ လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဃ) နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ လွှတ်တော်က သဘောတူညီသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများသည် -

(က) ပါတီနိုင်ငံရေးရှင်းရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့ရက်မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ခန့်အပ်တာဝန်ပေးခြင်း**

၂၀။ (က) ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများကို စစ်ဆေး၍ လွှတ်တော်သို့တင်ပြနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(က) ပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ရယူ၍ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ နိုင်ငံတော်သမ္မတသည် လွှတ်တော်၏သဘောတူညီချက်ဖြင့် တင်ပြလာသည့် ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ လွှတ်တော်သည် သက်ဆိုင်ရာ ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(ဂ) ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို သက်ဆိုင်ရာ လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်သည် -

(က) ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်အား လည်းကောင်း၊ ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၃)
## ဝန်ကြီးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ ကိစ္စရပ်များ**

၂၃။ (က) ဝန်ကြီးချုပ်သည် လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင် သတ်မှတ်ထားသော နည်း

လမ်းများနှင့်အညီ လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) ဝန်ကြီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် ပုဒ်မခွဲ(က) နှင့် (ခ) တို့ပါ သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဃ) ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစ၍ အာဏာတည်ရမည်။

**နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ**

၂၄။ ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမည်။

**အခြားကိစ္စရပ်များ**

၂၅။ ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက် သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရန် လျာထားချက်ကို သတ်မှတ်ချိန်အတွင်း ပြုစု၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

၂၆။ ဝန်ကြီးချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းခွင့်ရှိသည်။

၂၇။ ဝန်ကြီးချုပ်သည် -

(က) လွှတ်တော်အရေးပေါ် အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပပေးရန် လွှတ်တော် ဥက္ကဋ္ဌထံ အကြောင်းကြားနိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားနိုင်သည်။

## အခန်း (၄)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ

၂၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန် တာဝန်ရှိသည်။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့သည်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့သည်လည်းကောင်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးခြင်းကို လိုက်နာရမည်။

၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းများ ပြုရမည်။

(ခ) မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုနိုင်သည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် -

(က) တိုင်းဒေသကြီးနှင့် ပြည်နယ်အကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးအချင်းချင်းနှင့် ပြည်နယ်အချင်းချင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြားသော်လည်းကောင်း ဖြစ်ပွားသည့် အုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်းနှင့် လိုအပ်၍ အဆုံးအဖြတ်ပေးခြင်းများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအကြားတွင် ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍

ပြည်ထောင်စုအစိုးရက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်းနှင့် လိုအပ်၍ အဆုံးအဖြတ်ပေးခြင်းများကို လိုက်နာဆောင်ရွက်ရမည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ**

၃၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို လွှတ်တော်၏သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၃၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနက ရေးဆွဲပြုစုပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမည်။

၃၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် လွှတ်တော်တွင် ဆွေးနွေးအကြံပြုပြီးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ မိမိ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်ဖြင့် လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၃၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းပေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည်။

၃၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပုဒ်မ ၃၆ အရ တင်သွင်းသည့် နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လက်ရှိ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီအထိ လွှတ်တော်က အချိန်မီပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် နောက်လာမည့် ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များကိုသာ လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ်ခွင့်ပြုချက် ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။

**အခွန်အခဆိုင်ရာ ကိစ္စရပ်များ**

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၅ ပါ အခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း ရမည်။

(ခ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်း ပေးသော၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့သော၊ ချေးငွေအဖြစ် ခွင့်ပြု သော ဘဏ္ဍာရန်ပုံငွေတို့ကို ရငွေအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပုဒ်မ ၃၈ အရ ရရှိသော တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

**အခြားကိစ္စရပ်များ**

၄၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ပြည်ထောင်စု အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်ဖြစ်စေ၊ စည်းကမ်းသတ်မှတ် ချက်နှင့်အညီ ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား၂ ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းနိုင်သည်။

၄၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် -

(က) လွှတ်တော်က အခါအားလျော်စွာ ချမှတ်ထားသည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်။

(ခ) မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်သို့ တင်ပြရမည်။

၄၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်းထမ်းဆိုင်ရာ ပြည်ထောင်စု ဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း မိမိတာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတထံ အမြန်ဆုံးတင်ပြရမည် -

(က) မိမိ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင်ဖြစ်စေ၊ မိမိ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိသော အရေးပေါ်အခြေအနေ ပေါ်ပေါက်ခြင်း၊

(ခ) မိမိ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင်ဖြစ်စေ၊ မိမိ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စု

တွင်ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်ခြင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိခြင်း။

၄၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် -

(က) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်က ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းများ**

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ပုံမှန်အစည်းအဝေးကို သာမန်အားဖြင့် တစ်လလျှင် အနည်းဆုံးနှစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၄၇။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၄၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများသည် ဖိတ်ကြားခြင်းခံရသည့် အစိုးရအဖွဲ့ အစည်းအဝေးများကိုသာ တက်ရောက်ခွင့်ရှိသည်။

၄၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်တစ်ဦးသည် အစည်းအဝေးသို့ တက်ရောက်ရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ။ အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဝန်ကြီးချုပ်ထံ ကြိုတင်ခွင့်ပန်ရမည်။

၅၀။ (က) အစည်းအဝေးမှတ်တမ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးက မှတ်တမ်းတင်ထားရမည်။

(ခ) အစည်းအဝေးမှတ်တမ်းများကို နောက်တစ်ကြိမ် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ဂ) ထုတ်ပြန်ကြေညာခြင်း မပြုသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များဖြစ်သည်။

## အခန်း (၅)

## ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ စွပ်စွဲပြစ်တင်ခြင်းနှင့် လစ်လပ်ရာထူးနေရာ ဖြည့်စွက်ခန့်ထားခြင်း

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ ရာထူးသက်တမ်း**

၅၁။ ဝန်ကြီးချုပ်၏ ရာထူးသက်တမ်းသည် လည်းကောင်း၊ ဝန်ကြီးများ၏ ရာထူးသက်တမ်းသည် လည်းကောင်း၊ ဥပဒေချုပ်၏ ရာထူးသက်တမ်းသည် လည်းကောင်း နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ရာထူးမှနုတ်ထွက်ခြင်းနှင့် တာဝန်မှ ရပ်စဲခြင်း**

၅၂။ (က) ဝန်ကြီးချုပ်သည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော် သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

(ခ) ဝန်ကြီးသည် သို့မဟုတ် ဥပဒေချုပ်သည် ပုဒ်မခွဲ(က) ပါအတိုင်း ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း သက်ဆိုင်ရာ ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၅၃။ (က) ဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် ဥပဒေချုပ်တစ်ဦးဦးသည် လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ပါက ယင်းအား ရာထူးမှနုတ်ထွက်ရန်

နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို မလိုက်နာလျှင် တာဝန်မှ ရပ်စဲခြင်းခံရမည်။

(ခ) ရာထူးမှ နုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှ ရပ်စဲခံရမည့် တပ်မတော်သား ဝန်ကြီးနှင့် ပတ်သက်လျှင် နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်း**

၅၄။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ(က) ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) ဝန်ကြီးချုပ်၊

(ခ) ဝန်ကြီး၊

(ဂ) ဥပဒေချုပ်။

၅၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ(က)ပါ အကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်ခံရသော ဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် ဥပဒေချုပ်တို့အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ(ခ)၊ (ဂ) နှင့် (ဃ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးဆောင်ရွက်ပြီးနောက် လက်ရှိရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်ချက်ကို လွှတ်တော်က နိုင်ငံတော်သမ္မတထံတင်ပြလျှင် ယင်းပုဂ္ဂိုလ်သည် တာဝန်မှရပ်စဲခြင်းခံရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၅၆။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး၏ ရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းရာထူးနေရာတွင် ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။

ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်ရမည် -

(က) ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊

(ခ) ဥပဒေချုပ်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ။

**အရေးပေါ်ကာလတွင် တာဝန်ထမ်းဆောင်ခြင်း**

၅၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို နိုင်ငံတော်သမ္မတက လွှဲအပ်ဆောင်ရွက်စေသည့်နေ့ရက်မှစ၍ သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ သက်ဆိုင်ရာ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို နိုင်ငံတော်သမ္မတက ပယ်ဖျက်လိုက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ နှင့် ဤဥပဒေတို့နှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၆)

## အထွေထွေ

၅၉။ ဤဥပဒေအာဏာမတည်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဤဥပဒေကို အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၆၀။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက လည်းကောင်း သက်ဆိုင်ရာ မြို့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့၏ ဘဏ္ဍာငွေနှင့် မလုံလောက်၍ ရန်ပုံငွေထပ်မံ လိုအပ်သဖြင့် နိုင်ငံတော်မှ ထောက်ပံ့နိုင်ရန် တင်ပြလာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရသည် ပြည်ထောင်စုအစိုးရသို့ ဆက်လက်တင်ပြတောင်းခံပေးရမည်။

၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ရုံးဖြစ်သည်။

၆၂။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်းမပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။

၆၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ